

# ဖွားဖွားရဲ့ ငှက်ပျောသီးများ

Ursula Nafula

Catherine Groenewald

Naw Thazin Hpway

4

မြန်မာဘာသာ my



ဖွားဖွားရဲ့ ဥယျာဉ်ဟာ ငရုတ်သီးစိမ်း၊ နံ့စားပခြောင်း၊ ပီလောပီနံ့တွေနဲ့ပြည့်နေပြီးအရမ်းကို အံ့သြဖို့ကောင်းပါတယ်။ ဒါပေမယ့် အဲ့ဒီထဲမှာတော့ ငှက်ပျောသီးတဲ့က အကောင်းဆုံးပါဘဲ။ ဖွားဖွားမှာ မြေးတွေများကြီးရှိပေမယ့် ကျွန်မကိုအချစ်ဆုံးဘဲ ဆိုတာ တိတ်တိတ်ကလေးသိပါတယ်။ သူ့အိမ်ကိုလာလည်ဖို့ အတွက် မကြာမကြာခေါ်ပါတယ်။ သူဟာကျွန်မကိုလည်း လျှို့ဝှက်ချက် အငယ်လေးတွေကိုလည်း ပြောပြတတ်ပါတယ်။ ဒါပေမယ့် သူမပြောပြတာတစ်ခုရှိပါတယ် သူ့ရဲ့ငှက်ပျောသီးတွေကိုမှည့်အောင် ဘယ်မှာထားထားသလဲဆိုတာကိုပါဘဲ။



တစ်နေ့မှာတော့ ကျွန်မဟာ အဖွားရဲ့အိမ်ထဲကို မကြု်ခြင်းကြီး တစ်ခြင်း ထားထားတာကိုတွေ့လိုက်ပါတယ်။ ကျွန်မက ဒီ ခြင်းက ဘာအတွက်လဲလို့မေးတိုင်း “ဒါဟာ မှော်ခြင်း” ဆိုတဲ့ အဖြေဘဲရခဲ့ပါတယ်။ ခြင်းနားမှာတော့ ငှက်ပျောရွက်တွေကို တွေ့ပြီးအဖွားက တစ်ခါပြီးတစ်ခါ လှည့်နေတတ်ပါတယ်။ ကျွန်မအရမ်းကို စပ်စုချင်သွားပါတယ်။ ကျွန်မက “ငှက်ပျောရွက်တွေက ဘာအတွက်လဲ” လို့ မေးပါတယ်။ ကျွန်မရတဲ့ တစ်ခုတည်းသောအဖြေက “ဒါတွေဟာ မှော်ရွက်တွေဘဲဖြစ်တယ်” ဆိုတာပါဘဲ။



ဖွားဖွားရယ်၊ ငှက်ပျောသီးရယ်၊ ငှက်ပျောရွက်ရယ်နဲ့ မကြာခင်ငြေးရယ်ဟာ အရမ်းကိုစိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါပေမယ့်အဖွားက အမေ့ကိုဘဲ ကူခိုင်းဖို့ လွှတ်လိုက်ပါတယ်။ “ဖွားဖွား၊ ဖွားဖွားပငြေ်ဆင်တာ ကြည့်ပါရစေ…“ဖွားဖွားက “ခေါင်းမမာနဲ့ကလေး ပြောတဲ့အတိုင်းလုပ်ပါ” လို့ဘဲ ပြောနေပါတယ်။ ကျွန်မ အပငြေးလေးထွက်သွားပါတယ်။



ကျွန်မပြန်လာတဲ့အခါ အဖွားဟာ အိမ်အပြင်ဘက်မှာ ခြင်းကော ငှက်ပျောသီးပါ မရှိတော့ဘဲ ထိုင်နေပါတယ်။ “ဖွားဖွား ခြင်းဘယ်ရောက်သွားပြီလဲ၊ ငှက်ပျောသီးတွေ ဘယ်ရောက်သွားပြီးလဲ ဘယ်မှာ...” ‘ဒါပေမယ့် ကျွန်မရတဲ့တစ်ခုတဲ့ အဖြေက “မှစာနေရာကိုရောက်ရှိသွားတာပါ” လို့ပြန်ဖြေပါတယ်။ အရမ်းစိတ်ပျက်ဖို့ကောင်းပါတယ်။



၂ရက်ကြာတဲ့အခါ ဖွားဖွားက သူ့ရဲ့အခန်းထဲမှာရှိတဲ့ တုတ်ကောက်ကို ကျွန်မအားသွားယူခိုင်းပါတယ်။ ကျွန်မတံခါးဖွင့်လိုက်တဲ့အခါ ငှက်ပျောသီးမှည့်အနံ့ကို ခပ်ပြင်းပြင်းက ကျွန်မကို ကြိုဆိုလိုက်ပါတယ်။ အခန်းအထဲမှာ အဖွားရဲ့ မှော်ခြင်းကိုတွေ့လိုက်ပါတယ်။ အဲ့ဒါကို စောင်အဟောင်းတစ်ထည်နဲ့အုပ်ထားပါတယ်။ ကျွန်မဟာ မ,လိုက်ပြီးအရမ်းကောင်းတဲ့ အနံ့ခံကြည့်လိုက်ပါတယ်။



“သမီးဘာတွေလုပ်နေတာလဲ၊ တုတ်ကောက်မြန်မြန်ယူလာပေး” ဆိုတဲ့ခေါ်သံနဲ့ အဖွားရဲ့အသံက ကျွန်မကိုလန့်သွားစေပါတယ်။ ကျွန်မ တုတ်ကောက်ကိုမြန်မြန်ယူပြီးထွက်လာခဲ့ပါတယ်။ “ဘာတွေပျော်နေတာတုန်း” လို့အဖွားကမေးတယ်။ သူ့ရဲ့မေးခွန်းက ကျွန်မဟာသူ့ရဲ့ မှော်နေရာလေးကို ရှာဖွေတွေ့ရှိသွားလို့ ပျော်နေမိကြောင်းသတိထားမိသွားစေပါတယ်။



နောက်တစ်နေ့မှာ အဖွားဟာ အမေ့အိမ်ကိုလာလည်တဲ့အခါမှာ ကျွန်မဟာ သူ့အိမ်ကို ပြေးသွားပြီးတော့ ငှက်ပျောသီးတွေကို နောက်တစ်ကြိမ် သွားကြည့်ပါတယ်။ မှည့်ပြီးဖြစ်တဲ့ငှက်ပျောသီးတွေအများကြီးတွေ့ပါတယ်။ ကျွန်မတစ်လုံးယူပြီးဂါဝန်အောက်ဖွက်ထားပါတယ်။ ခြင်းကိုပြန်ဖုံးပြီးတဲ့အချိန်မှာ အိမ်နောက်ဖေးကိုသွားပြီးခပ်မြန်မြန်စားလိုက်ပါတယ်။ ကျွန်မ စားဖူးသမျှငှက်ပျောသီးတွေထဲမှာ အရသာအရှိဆုံးပါဘဲ။



နောက်တစ်နေ့မှာတော့ ဖွားဖွားဟာ ဥယာဉ်ခြံထဲမှာ ဟင်းသီးဟင်းရွက်ခူးနေတဲ့အခါမှာ ကျွန်မဟာ ငှက်ပျောသီးတွေကိုဘဲစိတ်ဝင်စားပြီးချောင်းကြည့်ပါတယ်။ အားလုံးနီးပါးမှည့်ခါနီးပါဘဲ။ ကျွန်မဟာ ငှက်ပျောသီးလေးဖီးကို မနေနိုင်ဘဲယူလိုက်မိပါတယ်။ ကျွန်မဟာ တံခါးနားကနေပြီးတော့ ခြေဖျားထောက်ပြီးထွက်သွားတဲ့အချိန်မှာ အဖွားရဲ့ချောင်းဟန့်သံကိုအပြင်ကနေကြားလိုက်ပါတယ်။ ကျွန်မဟာ ငှက်ပျောသီးတွေကို ဂါဝန်ထဲထည့်ပြီးအဖွားနောက်ကနေ ဖြတ်သွားပါတယ်။



နောက်တစ်နေ့ကတော့ ဈေးနေ့ဖြစ်ပါတယ်။ ဖွားဖွားဟာ အစောကြီးထပါတယ်။ အဖွားဟာ သူ့ရဲ့ငှက်ပျောသီးနဲ့ ပီလောပီနံ့တို့ကိုဈေးမှာသွားရောင်းပါတယ်။ အဲ့ဒီနေ့အဖွားဆီကျွန်မသွားမလည်ပါဘူး။ ဒါပေမယ့်သူ့ကို အကြာကြီးလည်းရှောင်မနေနိုင်ပါဘူး။



အဲ့ဒီနေ့ညနေမှာ အဖွားဟာ အမေနဲ့အဖေကိုခေါပြီးဘာကြောင့်ခေါသလဲဆိုတာ ကျွန်မသိပါတယ်။ အဲ့ဒီညမှာ ကျွန်မဟာ အိပ်ဖို့လဲလျောင်းတဲ့အခါ ကျွန်မဟာ အဖွားဆီကကော၊ မိဘတွေဆီကကော၊ တစ်စုံတစ်ဦးဆီကကော ဘယ်တော့မှ ခိုးယူလို့မရဘူးဆိုတာ သိလိုက်ရပါတယ်။

# Global Storybooks

globalstorybooks.net

## ဖွားဖွားရဲ့ ငှက်ပျောသီးများ


Ursula Nafula
Catherine Groenewald
Naw Thazin Hpway


CC BY